သာမန်ကာလ (၁၈)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၂း၁၃ - ၂၁

ယနေ့ဖတ်ရတဲ့ ဒေသနာကျမ်း အစမှာ "ခပ်သိမ်းသောအရာတို့သည် အနတ္တဖြစ်ကြ၏။" လို့ ရေးထားပါတယ်။ ဖြစ်ပျက်သမျှ လုပ်ကိုင်သမျှ အရာအားလုံးဟာ ဘာမျှမဟုတ်ဘူး။ အဓိပ္ပါယ်ကို မရှိဘူး တဲ့။ ကြည့်ပါ့လား ဘဝမှာ အောင်မြင်ဖို့ ကျိုးစားပြီး ပညာတွေ ဆည်းပူး၊ ကျွမ်းကျင်အောင် ပင်ပန်းခံလေ့ကျင့်၊ အလုပ်တွေ ကျိုးစားပြီး ရှာဖွေစုဆောင်းခဲ့သမျှကို ကိုယ်သေတဲ့အခါ ဘာမျှမကျိုးစားတဲ့လူတွေလက်ထဲမှာ ပေးရစ်ခဲ့ရမှာပဲ တဲ့။ ဒါကြောင့် ကိုယ်ကျိုးစားခဲ့သမျှက သဲထဲရေသွန် ဘယ်လောက်မှ အရာမရောက်တော့ဘူး တဲ့။ သူတို့ရဲ့ လောက အတွေးနဲ့ အဲလိုပဲ မြင်ကြပါတယ်။ မြူခိုးငွေ့လိုပဲ ပျောက်ကွယ်သွားကြတာချည်းပဲ။

တစ်ချို့ ဘာသာကွဲတွေကတော့ ဘဝကို သင်္ခါရသဘောနဲ့ပဲ မြင်ကြပါတယ်။ မမြင်လို့ မရဘူးလေ၊ ကိုယ့်ရှေ့မှာ ဖြစ်ပျက်နေတာကိုး။ ကိုယ့်နောင်ရေးစိတ်ချရအောင် ချမ်းသာဖို့ ကျိုးစားတယ်။ နာမည်ကြီးအောင် ကျိုးစားတယ်။ အာဏာရှိအောင် ကျိုးစားတယ် ဒါပေမဲ့ ဒါတွေက မမြဲဘူးဆိုတာ လူတိုင်းအသိပါပဲ။ ချမ်းသာနေရင်းနဲ့ အဲဒါတွေ ဆုံးရှုံးသွားမှာ စိတ်ပူနေရပြန်ရော၊ နာမည်ကြီးပြန်တော့လည်း လူတွေက ကိုယ့်နောက် လိုက်လွန်းလို့ တယောက်တည်း အေးအေးလူလူနေချင်လို့ မရပြန်ဘူး။ သူ့ခေတ်နဲ့သူ့အခါ နာမည်ကြီးပေမဲ့ လူတွေရဲ့စိတ်က မိုးလေဝသလိုပဲ၊ အခု လူတွေကကြိုက်လို့ နာမည်ကြီးရပေမဲ့ တော်ကြာ ကိုယ့်ကို မကြိုက်ကြတော့ပြန်ဘူး။ ကိုယ်နဲ့ ပြိုင်ဘက်တွေလည်း ပေါ်လာပြန်ရော၊ စိတ်ကို မချမ်းသာပါဘူးဗျာ။ အဲလို အပျော်အပါးတွေကလည်း ကြာတော့ အီသွားတာပါပဲ၊ စိတ်ကုန်သွားတာချည်းရဲ့ပါပဲ။ ဒါနဲ့ပဲ ပျော်စရာအသစ်ကို လိုက်ရှာ၊ စားစရာလည်း အီသွားတဲ့အခါ အရသာအသစ်ကို လိုက်ရှာ၊ ပျော်ပွဲစားထွက်နေတဲ့နေရာက ရိုးသွားပြန်ရင်လည်း နေရာအသစ်ကို လိုက်ရှာရပြန်ရော။ ဧည့်ခံဖျော်ဖြေရေးကလည်း ရိုးသွားပြန်တော့ ဖျော်ဖြေရေးအသစ်တမျိုးကို လိုက်ရှာရပြန်ရော၊ ဒီလိုပဲ အိမ်ကမိန်းမကို ချစ်ရတာ ရိုးသွားတော့ နောက်မိန်းမကို ရှာပြန်ရော။ အဲဒါပဲ ဘုရားမပါရင်တော့ တကယ့်ပျော်ရွှင်မှုကို မခံစားရပဲ သူ့ဟာသူ သံသရာလည်တော့တာပဲ။

လူတွေက အစစအရာရာမှာ အမြင့်ကို တက်ချင်တယ်၊ အောင်မြင်ချင်တယ်။ ဒါကြောင့် အဲလို ရဖို့ ကိုယ့်တစ်သက်လုံးနီးပါး ကျိုးစားရတာနော် မလွယ်ဘူး။ ပင်ပန်းရတဲ့ရက်တွေက ခပ်များများပဲ၊ နားရတဲ့ရက်က ခပ်ရှားရှားပဲ။ အမြင့်ကို ရောက်ရင် လိမ့်ကျတဲ့အခါ ပိုနာတတ်တယ်နော်။ အမြင့်ကို ရောက်လေ အကျနာလေပဲ။ လောဘကြီးပြီး မစားရက်မသောက်ရက် တချိန်လုံး လယ်တောထဲမှာ နေပူမိုးရွာ အလုပ်လုပ်နေတာကြောင့် လယ်တောက သူ့ရဲ့ထောင်အတိုင်းပဲ ဖြစ်သွားပြီ။ အလုပ်ရုံက သူ့ရဲ့ထောင် ဖြစ်နေပြီ၊ သူ့ရဲ့ဈေးဆိုင်က သူ့ရဲ့ထောင် ဖြစ်နေရပြီ။

အခု ဒေသနာကျမ်းကို ရေးသားတဲ့ ဓမ္မဒေသနာဆရာကလည်း သူ့ရဲ့လောကအမြင်နဲ့ ရေးထားတာက မမှားပါဘူး။ "ခပ်သိမ်းသောအရာအားလုံးဟာ အနတ္တပါပဲ" တဲ့။

အရာအားလုံးအဆုံးသတ်ဆိုတာ ရှိမယ်။ လက်ခံပါတယ်။ ဒါပေမဲ့ ကျနော်တို့ ဘုရားရဲ့တရားတော်နဲ့ မြင်တာကတော့ သင်္ခါရသဘောတရားနဲ့ မြင်တာထက် အစဉ်ထာဝရသဘောတရားနဲ့ မြင်နိုင်အောင် ကျိုးစားရပါမယ်။ ဒါမှ လောကမှာ နေရတဲ့အဓိပ္ပါယ်ကို ကောင်းကောင်း သိနိုင်မယ်။

ဒါကြောင့် ဘုရားရဲ့တရားတော်အတိုင်း ကျင့်ကြံနေတဲ့သူက တင်းတိမ်တတ်တယ်၊ ရက်ရောတတ်တယ်၊ ကိုယ့်အိမ်ထောင်ဖက်ကိုလည်း ချစ်ခြင်းမေတ္တာအစစ်နဲ့ တကယ်ချစ်တာမို့ ရိုးသွားပြီ/ ဟောင်းသွားပြီလို့ မခံစားရပါဘူး။ ဘာသာသူတို့ - ကိုယ့်ဘဝဟာ ဘုရားနဲ့ ပေါင်းရင် ပျော်ရွှင်ခြင်းက တည်မြဲတယ်။ အရာရာဟာ အဓိပ္ပါယ်ရှိတယ်။ ဘာ့လိုလဲဆိုတော့ ဘုရားနဲ့ ပတ်သက်တာမှန်သမျှဟာ အစဉ်ထာဝရအတွက် ချည်းရဲ့ပါပဲ။

ယနေ့ဖတ်ရတဲ့ ဆာလံ ၉၀ အတိုင်းပဲ ကျနော်တို့ ဉာဏ်ပညာရဖို့ ဆုတောင်းသင့်ပါတယ် "ကျွန်ုပ်၏နေ့ရက်များကို မှန်ကန်စွာ ရေတွက်တတ်ရန် သွန်သင်ပေးတော်မူပါ။ သို့မှသာ ကျွန်ုပ်သည် ပညာရှိပါလိမ့်မည်။ နံနက်အချိန်၌ ကျွန်ုပ်အား ကိုယ်တော်၏ခိုင်မြဲသောမေတ္တာဖြင့် ကျေနပ်အားရစေတော်မူပါ။ သို့မှသာ ကျွန်ုပ်သည် တနေ့လုံး ဝမ်းမြောက်ရွှင်လန်းနိုင်ပါလိမ့်မည်။ ကျွန်ုပ်၏လက်များဖြင့် ပြုလုပ်သမျှကို အောင်မြင်စေတော်မူပါ" လို့ ဆုတောင်းရမှာပါ။ ဘုရားကသာ ကျနော်တို့ဘဝရဲ့ အဓိပ္ပါယ်ပါပဲ။ ဘုရားမပါရင်တော့ ကျနော်တို့ဘဝဟာ အနတ္တပါပဲ၊ ဘာမျှ မဟုတ်တော့ပါဘူး။ မြက်ပင်လိုပါပဲ။ "အာရုဏ်တက်ချိန်တွင် မြက်ပင်သည် အသစ်ပြန်ဖြစ်လာပြီး ပွင့်လန်း၍ ဆည်းဆာအချိန်၌မူကား ညှိုးနွမ်းသွေ့ခြောက်ပါ၏။" လို့ ယနေ့ ဆာလံထဲမှာ ရေးထားပါတယ်။

အခု ယေဇူးဘုရားရှင် မိန့်တော်မူတဲ့ ဥပမာ ပုံပြင်ထဲက သူဌေးကြီးဆိုရင် ဘာအမှားလုပ်လို့လဲ၊ သူက အလုပ်ကျိုးစား အစီအမံတွေ ကောင်းတော့ သူ့လယ်တွေက စပါးတွေ အသီးအနှံတွေ အများကြီး ရတယ်။ ဝင်ငွေတွေ အများကြီးရတယ်၊ အဲဒါ မှားသလား။ ကျနော်တို့ အားလုံးလည်း အဲလို ကြီးပွါးအောင် ကျိုးစားနေကြတဲ့သူတွေချည်းရဲ့ပါပဲ။ အရင်က စပါးကျီတွေက မဆန့်တော့လို့ ဖြိုချပြီး ဒီထက်ကြီးတဲ့စပါးကျီတွေ ဆောက်ပြီး စပါးတွေကို သိုလှောင်ထားတယ်၊ အဲဒါ မှားသလား။ ကျနော်တို့အားလုံးလည်း ကိုယ်အသက်ကြီးလို့ အငြိမ်းစားယူမည့်အချိန်/အနားယူမည့်အချိန်အတွက် ပိုက်ဆံစုကြတယ် မဟုတ်လား။ နေစရာ၊ စားစရာ၊ ကျန်းမာရေးအတွက် ပြင်ဆင်ထားကြတယ် မဟုတ်ဘူးလား။ အဲဒါက အမျှော်အမြင်ရှိပါပေတယ်။ ဒါပေမဲ့ အနားယူပြီးတဲ့အခါအတွက်/ အငြိမ်းစားယူတဲ့အချိန်ကာလပြီးတဲ့အခါအတွက် ဘာလုပ်မှာလဲဆိုတာ မစဉ်းစားမိတာကတော့ တော်တော်ဆိုးပါတယ်။ ကိုယ်သေတဲ့အခါအတွက် မစဉ်းစားမိတာက တော်တော်စိတ်မကောင်းစရာပါပဲ။ အဲဒီသူဌေးကြီးလို မမှားစေကြနဲ့။ သူဌေးကြီးတွေးထားသလို "အိုင့်ဝိညာဉ်၊ သင်၌ များပြားသော ဥစ္စာပစ္စည်းများကို နှစ်ပေါင်းများစွာအတွက် သိုလှောင်ထားလျက် ရှိပြီ (နောင်နှစ်ပေါင်းများစွာ နေဖို့ စားဖို့ မပူနဲ့တော့ တဲ့)။ စားလိုက်သောက်လိုက် ပျော်ပါးလိုက် နေရုံပဲ" တဲ့။ ဒါပေမဲ့ ဘုရားက "အသင်လူမိုက်၊ ဒီနေ့ည သင်၏ဝိညာဉ်ကို သင့်ထံမှ ပြန်တောင်းလိမ့်မည်။ ထိုအခါ သင်စုဆောင်းထားသောအရာများသည် မည်သူ့အတွက် ဖြစ်မည်နည်း" လို့ မိန့်တော်မူပါတယ်။ သူဌေးကြီးက သူ့အတွက်သူပဲ အသက်ရှင်ခဲ့တာကိုး။ ကိုယ့်အတွက်ပဲ ရှင်နေတဲ့သူက ဝမ်းနည်းပူဆွေးစရာနဲ့ ကြုံရတာပါပဲ။

တကယ်တမ်း လူကို ဝမ်းနည်းပူဆွေးစေတာက အလုပ်ကျိုးစားမှု မဟုတ်ပါဘူး၊ လောဘစိတ်ပါ။ ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ဧဝံဂေလိကျမ်းထဲမှာ အမွေခွဲပေးဖို့ သခင်ယေရှုးကို လာရောက်တောင်းဆိုတာကလည်း လောဘစိတ်ပါပဲ။ အပေါ်ယံထင်ရတာကတော့ တရားမျှတစွာ အမွေခွဲပေးဖို့လို့ ဆိုနိုင်ပေမဲ့ စိတ်ထားအရင်းအမြစ်ကတော့ လောဘစိတ်ပါပဲ။ ဒါကြောင့် ယေရှုးဘုရားရှင် သူ့ကို မိန့်တော်မူလိုက်တာက “လောဘစိတ်ကို သတိပြု၍ရှောင်ကြလော့။ အကြောင်းမူကား လူ၏အသက်သည် ဥစ္စာစနေကြွယ်ဝခြင်း၌ တည်သည်မဟုတ်” တဲ့။ အလုပ်ကျိုးစားတယ်၊ ဒါပေမဲ့ လောဘစိတ်နဲ့ ကျိုးစားနေတာမဟုတ်ဘူး၊ တပ်မက်တဲ့စိတ်နဲ့ ကျိုးစားနေတာ မဟုတ်ဘူး။ ဒါကြောင့် သူပျော်နိုင်တယ်၊ လွတ်လပ်တယ်၊ လောဘစိတ်နဲ့ မွန်းမနေဘူး။

ဒါကြောင့် ယနေ့ ဖတ်ရတဲ့ ဒုတိယကျမ်းစာ ကော်လောဆဲ ၃ မှာ “သင်တို့သည် ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခဲ့ကြပါလျှင် ခရစ်တော်တည်ရှိရာအထက်အရပ်နှင့် ဆိုင်သည့်အရာများကို ရှာဖွေကြလော့။ သင်တို့သည် မြေကြီးပေါ်၌ရှိသောအရာများကို စွဲလမ်းခြင်းမရှိပဲ အထက်အရပ်၌ရှိသောအရာများကိုသာ စွဲလမ်းကြလော့” လို့ သတိပေးထားပါတယ်။

အမှန်တကယ် တတ်မက်စရာကောင်းတာက တည်မြဲတဲ့အရာတွေပါပဲ။ မတည်မြဲတဲ့အရာ/ သင်္ခါရတရားအတိုင်း ပျက်စီးမည့်အရာအတွက် စိတ်သောကအရောက်မခံပါနဲ့။ ကိုယ်နဲ့ ပါမည့်အရာ၊ ထာဝရတည်မြဲမည့်အရာအတွက် ရှာဖွေဆည်းပူးတာက အကောင်းဆုံးပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်ရဲ့ကောင်းကြီးမင်္ဂလာ ခံစားကြရပါစေ။